ကွန်းရောင်းကျေးရွာအုပ်စု၊ ကြို့ပင်ဆိပ်ကျေးရွာ

ဧရယျာသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၂၀–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

ကြို့ပင်ဆိပ် ကျေးရွာ၊ ဧရယျာသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဧပြီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကြိုပင်ဆိပ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဇယျာသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဧပြီလ၊ ၂၀၂၁ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြို့ပင်ဆိပ်ကျေးရွာ
ဧရာဝတီရိုးမြို့နယ်


ဧယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု ၊ ကြို့ပင်ဆိပ်ကျေးရွာ၏ သဘာဝသယံဇာတပြပုံ




ဧယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု ၊ ကြို့ပင်ဆိပ်ကျေးရွာ၏ ရာသီခွင်ပြပုံ



ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု ၊ ကြို့ပင်ဆိပ်ကျေးရွာ၏
အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု ၊ ကြို့ပင်ဆိပ်ကျေးရွာ၏
ဥစ္စာဓနပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရရခရိုင်၊ ဇေယျာသီရိမြို့နယ်၏ တောင်ဘက်ပိုင်းတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ အရှေ့လောင်ကျီကျူ (၉၆ ဒီဂရီ ၂၄ မိနစ်)နှင့် မြောက်လတ္တီကျူ (၁၉ ဒီဂရီ ၇၉မိနစ်) ကြားတွင်တည်ရှိပါသည်။ ကြို့ပင်ဆိပ်ကျေးရွာ၏ အရှေ့ဘက်တွင် ကျွန်းရောင်းကျေးရွာ ၊ မြောက်ဘက်တွင် သရက်တော ကျေးရွာ၊ အနောက်ဘက်တွင် ဆင်သေချောင်းနှင့် တောင်ဘက်ခြမ်းတွင် ရွှေဟိုရ်တို့တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ဇေယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာအုပ်စု၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၃၉.၉ C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၁.၇ C)ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန်မှာ(၄၀")ခန့်ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု၊ ကြို့ပင်ဆိပ်ကျေးရွာတွင် အိမ်ထောင်စု (၃၀၂)စု၌ ကျား(၆၀၁)ဦး၊ မ(၅၇၃)ဦး၊ စုစုပေါင်း လူဦးရေ (၁၁၇၄)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၇၁%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင်ပေးနိုင်မည် ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင်သောလူဦးထက် အမျိုးသမီးအလုပ်လုပ်နိုင်သော လူဦးရေမှာ ပိုမိုများပြားပါသည်။ အသက် (၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၅.၇%)ရှိပြီး ကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု၊ ကြို့ပင်ဆိပ်ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာ လုပ်ငန်းများအလိုက် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှုများကြောင့် ကျေးရွာအကျိုးအဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့်ရရှိထားပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟု သုတများအပိုင်း (ဥပမာ- အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက် ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းကျေးရွာအုပ်စု၊ ကြို့ပင်ဆိပ်ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၅၄%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ(၃၆၂)ကေရှိပြီး စပါးကိုသာ အဓိကစိုက်ပျိုးပြီး အခြားသီးနှံများ အနေဖြင့် ပြောင်း၊ နှမ်းစသည့် သီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုများ အသင့်အတင့်ရရှိပြီး၊ မိုးရေ(သို့)ဆည်ရေဖြင့် စိုက်ပျိုးကြပါသည်။ အဟန့်အတားအနေဖြင့် စိုက်ပျိုးမြေ တိုးချဲ့ရန်ခြေနည်းပါးခြင်း၊ အလုပ်သမားစရိတ် ကြီးမြင့်ခြင်း၊ ဖျက်ပိုးများ ကျရောက်တတ်ခြင်း၊ ငွေကြေးအရင်းအနှီး အလွယ်တကူမရရှိနိုင်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ သီးနှံအထွက်နှုန်းများတွင် စပါးနှင့်ပြောင်းသည် တစ်ဧကအထွက်နှုန်း အများဆုံးဖြစ်ပြီး အခြားသောသီးနှံဖြစ်သည့် နှမ်းအထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။ အခြားသော သီးနှံများဖြစ်သည့် ငှက်ပျော၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်အပင်များလည်း ရောင်းချချိန်တွင် စျေးကွက် မတည်မငြိမ်ဖြစ်ပေါ်မှုများကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။ အခြေအနေကောင်းတစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံထုတ်ကုန်များကို ရောင်းချရန် စျေးကွက် အလုံအလောက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ဇယား(၈) ကြို့ပင်ဆိပ်ကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	နို့စားနွား	ဝက်	ဆိတ်	ကြက်	ဘဲ	ကျွဲ
၁	ကြို့ပင်ဆိပ်	၉၇	-	၁၁၁	၅၁	၅၅၄	၅၀	-

ဇေယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်းမရှိပါ။ နွားမွေးမြူရေး၊ ဝက်မွေးမြူရေးနှင့် ကြက်မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသည့် အိမ်ထောင်စုမှာ (၅၀%) ခန့်နှင့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသည့် အိမ်ထောင်စု မှာ (၅%)ခန့်ရှိပြီး အခြားသော ဆိတ်နှင့်ဘဲ မွေးမြူရေးလုပ်ငန်းများကိုလည်း အနည်းငယ် မွေးမြူကြပါသည်။ မွေးမြူရေးသမားများအနေဖြင့် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် မွေးမြူကြသော်လည်း နွားမွေးမြူရေးလုပ်ငန်းများအတွက် စားကျက်မြေ သီးသန့်မရှိပါ။ သီးနှံများရိတ်သိမ်းပြီးချိန်တွင် စိုက်ကွင်းမြေများပေါ်တွင် လွှတ်၍ကြောင်း နိုင်ပြီး

ကောက်ရိုးနှင့် ရိတ်သိမ်းပြီး ပဲပင်များကို နွားစာအဖြစ် ပြန်လည်အသုံးပြုကြပါသည်။ မွေးမြူရေးဆိုင်ရာ အသိပညာနှင့် နည်းပညာ ဝန်ဆောင်မှုများ လိုအပ်လျက်ရှိနေကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဧရယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ အခြားဒေသများရှိ ထုတ်ကုန် လုပ်ငန်းများတွင် နေ့စားအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ကျောက်ခွဲလုပ်ငန်း၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ စျေးဆိုင်၊ အပ်ချုပ်ဆိုင် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေးဝမ်းကျောင်း၊ အတတ်ပညာ တက်မြောက်မှုနည်းပါးခြင်း၊ ရင်းနှီးမြုပ်နှံနိုင်မှု မရှိခြင်းအပြင် အစိုးရဘဏ်ချေးငွေများ မရှိသောကြောင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အခက်အခဲ များ ရှိနေကြပါသည်။ ကျေးရွာနှင့် မြို့ပေါ်လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန် ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာရောင်းဝယ်နိုင်သော ကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာနိုင်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဧရယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စု များသာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ် ဖြင့် ငွေချေး စနစ်ရှိပြီး အတိုးနှုန်းမှာ (၅%)မှ (၁၀%) ထိရှိပါသည်။ မိတ်ဆွေနှင့်ဆွေမျိုးများ ထံမှ ချေးငွေများရှိပြီး၊ အပေါင်ခံပစ္စည်းမလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှုမရှိသည့် အတွက် ယုံကြည်မှုအားနည်းပြီး လူတိုင်းမရနိုင်၊ အလုံအလောက်မရနိုင်ပါ။ ပုဂ္ဂလိက ငွေတိုး ချေးစား သူများနှင့် အပေါင်ဆိုင်များမှလည်း ကာလတိုချေးငွေများကို တစ်လလျှင် အတိုးနှုန်း (၅%)မှ (၁၀%)ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင်အတိုးနှုန်း (၁၀%)အထက် ဖြင့် ချေးယူကြရခြင်းများလည်းရှိကြသည်။ ကျေးရွာတွင် တစ်လလျှင် ချေးငွေလိုအပ်မှု အနေ အထားမှာ ယေဘုယျအားဖြင့် အတော်အသင့် မြင့်မားသည့် အနေအထားတွင် ရှိနေဆဲ ဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများ မရှိသလောက် အားနည်းနေဆဲဖြစ်သလို ကျေးရွာနေ ပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိရာ လမ်းကြောင်းများမှာ အလှမ်းဝေးနေဆဲဖြစ်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဧရိယာသီရိမြို့နယ်၊ ကြို့ပင်ကျေးရွာတွင် လယ်ယာထွက်ကုန်များ ထုတ်လုပ် နိုင်ပါက ကျေးရွာနှင့်(၁၁)မိုင်ခန့်ဝေးသော ပျဉ်းမနားစျေးရှိပြီး စျေးကွက်အလုံအလောက် ရှိပါ သည်။ ကုန်စိမ်း နှင့် သားငါးများကို မင်္ဂလာစျေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ကားများ ဖြင့်သော်လည်းကောင်း သယ်ယူပို့ဆောင်လျှက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရန်ကုန်- မန္တလေးလမ်းဟောင်းနှင့်နီးပြီးဥ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာရှိရွာတွင်းလမ်းများ၏ စုစုပေါင်း အရှည်မှာ (၃)မိုင်ခန့် ရှည်လျားပြီး မြေသားလမ်းများဖြစ်၍ မိုးရာသီအချိန်တွင် အချို့သော ရွာတွင်းလမ်းများမှာ သွားရေးလာရေး ခက်ခဲလျှက်ရှိပါသည်။

(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ဧရိယာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုနေကြသည့် အိမ်ထောင်စုမှာ (၇၁%) ရှိပြီး၊ လျှပ်စစ်မီးအသုံးမပြုနိုင်သေးသော အိမ်ထောင်စုမှာ(၂၉%)ရှိပါသည်။ မဟာဓါတ်အားလိုင်း၏ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါသည်။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး

ဧရိယာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက် အလက် နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TV, စလောင်း များ အများအပြားအသုံးပြုလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာ အနီးပတ်ဝန်းကျင်တွင် သက်ဆိုင်ရာဆက်သွယ်ရေး တာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ ဆက်သွယ်ရေး ဆင်းကဒ်များဖြစ်သော MPT, Ooredoo, Telenor (၃)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေးအနေဖြင့် စျေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန်လွယ်ကူစွာ ရရှိ နိုင်ပါသည်။

၆။ ပညာရေး

ဇေယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် အစိုးရမူလတန်းကျောင်း ဖွင့်လှစ်သင်ကြား လျက်ရှိပြီး၊ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်များမှာ အရည်အသွေး ကောင်းမွန်ပါသည်။ ကလေးအများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီကြပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု အစီအစဉ်မှာလည်း နည်းပါးပါသည်။ မူလတန်းတက်ရောက်သူ (၅၇၃)ဦး၊ အလယ်တန်းတက်ရောက်သူ(၂၇၈)ဦး၊ အထက်တန်း တက်ရောက်သူ(၇၈)ဦးနှင့် တက္ကသိုလ်/ ကောလိပ်တက်ရောက်နေသူ(၅၂)ဦးရှိပါသည်။ အတန်း ပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်အရေအတွက်မှာ (၅၀%)ရှိသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသား အရင်းအမြစ်တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ် များမှာ အလုပ်အကိုင်ရှားပါးမှုနှင့် အသက်မွေးဝမ်း နည်းပညာ အားနည်းခြင်းများကြောင့်၊ သင်တန်းများ ပို့ချပေးပြီးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ/ ချေးငွေများပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်ပါက ဝင်ငွေ အသင့်အတင့် ရလာနိုင်မည်ဖြစ်ပါသည်။

၇။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

ဇေယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး၊ ကုတင်များလုံလောက်မှုမရှိပါ။ ကျေးလက်ပြည်သူများအကြား ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးရောဂါ များသည် ရာသီအလိုက်ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ဆီးချိုနှင့်သွေးတိုးရောဂါများမှာ ကျေးရွာတွင် ဖြစ်ပွားမှု မြင့်နေသောကြောင့် ဖြစ်ပွား ရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှားပေးခြင်း၊ ကျန်းမာရေးအသိပညာ ပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ဇေယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် ရေတွင်းနှင့် အဝိစက်တပ်တွင်း အလွန် နည်းပါးပြီး သောက်သုံးရေအတွက် အလွန်ရှားပါးပါသည်။ တစ်ရာလုံးအနေဖြင့် ရေတွင်း (၂၅၇)တွင်းနှင့် စက်တပ်တွင်း(၁)တွင်းသာရှိပါသည်။ ရေတွင်းတူးဖော်ရန် အတွက်လည်း ကျေးရွာ၏ မြေဆီလွှာအနေအထားမှာ အောက်ခံကျောက်သားပြင်များ ခံနေသောကြောင့် တူးဖော်ရန် အလွန်ခက်ခဲပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးအပိုင်း တွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၉၅%) အထက် ရှိပါသည်။ ကျေးရွာတွင်း စီးပွားဖြစ်မွေးမြူရေး လုပ်ကိုင်သော မိသားစုများလည်းရှိပြီး စနစ်တကျ မွေးမြူခြင်းမရှိသောကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းပါးပြီး အနံ့အသက်များ

ထွက်လျှက်ရှိပါသည်။ ရေကြောင့်ဆက်စပ် ဖြစ်ပွားသော ရောဂါများ အထူးသဖြင့် ဝမ်းပျက်ဝမ်းလျော၊ ဝမ်းကိုက်ရောဂါများမှာ အသင့်အတင့် ဖြစ်လေ့ဖြစ်ထ ရှိနေဆဲဖြစ်ပြီး၊ တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေး အသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။

၈။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

(က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

ဧယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် မြေဆီလွှာအနေအထားမှာ ကျောက်ရော မြေသားအမျိုးအစားဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဘူးခွန်များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်မားသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ ရေအရင်းအမြစ်အနေဖြင့်လည်း မိုးရေကိုသာ အားကိုးနေရပြီး မြေအောက်ရေတူးဖော်ရန်လည်း မြေအောက်တွင် ကျောက်သားပြင်များခံနေသောကြောင့် တူးဖော်ရန် ခက်ခဲပါသည်။ ရေတွင်း တူးဖော်ရရှိပါက ရေချိုရရှိနိုင်ပါသည်။ ငါးမျိုးကွဲများ၊ ရှားပါးတိရိစ္ဆာန်များ မရှိပါ။ အခါအားလျော်စွာ မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲ ဖြစ်ပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ဧယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာသည် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်း ကျရောက်သော ကျေးရွာဖြစ်သည့်အလျှောက် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေးအန္တရာယ်ကျရောက်ခြင်းများ မရှိပါသော်လည်း မြေငလျင်ပြတ်ရွှေ့ကျောပေါ်တွင် တည်ရှိသဖြင့် မကြာခဏငလျင်ငယ်များ လှုပ်ခတ်မှုရှိပါသော်လည်း ပျက်ဆီးဆုံးရှုံးမှုမရှိပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှုမရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အဆင်ပြေချောမွေ့လျက်ရှိပါသည်။ မှုခင်းများကာကွယ်တားဆီးရေးအတွက် မြန်မာရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲအား (၁)နှစ်(၁)ကြိမ်ဟောပြော ပြုလုပ်ပေးလျက်ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဧယျာသီရိမြို့နယ်၊ ကြို့ပင်ဆိပ်ကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှု အပိုင်းတွင် ကျားဖြစ်ခြင်း မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိဘဲ တန်းတူပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစုစားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူအခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း

အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာ သာရေး နာရေးကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှုများကြသဖြင့် ကျေးရွာ အုပ်ချုပ်ရေး အပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု အားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု သင်တန်းတက်ရောက်ရန် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူ အခွင့်အရေးပေးပြီး ဖိတ်ကြား ခဲ့သော်လည်း သင်တန်းတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ (၁.၅%)သာရှိပါသည်။ ကျေးလက်နေ လူထု၏ အလုပ်လုပ်နိုင်သော အင်အားထက် ပတ်ဝန်းကျင်မှာ အမျိုးသမီးများဖြစ်ကြပြီး၊ ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့်တိုးမြှင့်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ ဖြစ်စေပါမည်။ ကျားမဆိုင်ရာ တန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထုအတွင်း အသိပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူ ညီမျှမှုနှင့် ကျေးရွာ ဖွံ့ဖြိုးရေးတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေး စီမံချက် လုပ်ငန်းများဇယား

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား

နောက်ဆက်တွဲ ၄။ စီမံချက်အဆိုပြုလွှာများ

ကြိုပင်ဆိပ်ကျေးရွာဦးစားပေးလုပ်ငန်းများ

စဉ်	လုပ်ငန်းအမည်	ဦးစားပေးအဆင့်	မှတ်ချက်
၁။	ရွာလည်လမ်းအုတ်စီရေမြောင်းပြုလုပ် ခြင်း	ဦးစားပေး -၁	
၂။	လျှပ်စစ်မီးတိုင်သွယ်တန်းခြင်း	ဦးစားပေး -၂	
၃။	စာကြည့်တိုက်တည်ဆောက်ခြင်း	ဦးစားပေး -၂	
၄။	(Box CULVERT) တည်ဆောက်ခြင်း	ဦးစားပေး -၃	
၅။	ကုန်ထုတ်လမ်းရိစာခင်းခြင်း(မိုင်နာ-၄)	ဦးစားပေး -၄	
၆။	ရွာတွင်းလမ်းရိစာခင်းခြင်း	ဦးစားပေး -၅	

ကြိုပင်ဆိပ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	အသက်	ပညာအရည်အချင်း	တာဝန်	မှတ်ချက်
၁။	ဦးဝင်းလွင်	ဦးမြဒင်	၉/ပမန(နိုင်)၀၇၁၃၉၆	၆၀	(၈)တန်း	ဥက္ကဋ္ဌ	
၂။	ဒေါ်လှလွင်မိုး	ဦးမြင့်လွင်	၉/ပမန(နိုင်)၁၂၉၁၈၈	၄၅	B.A(His)	ဘဏ္ဍာရေးမှူး	
၃။	ဦးကျော်မင်းထွန်း	ဦးမြသောင်း	၉/ပမန(နိုင်)၁၈၇၃၅၇	၃၉	(၁၀)တန်းအောင်	စာရင်းကိုင်	
၄။	ဒေါ်ရတနာဝင်းဝင်းခိုင်	ဦးကျော်စိုး	၉/ပမန(နိုင်)၀၇၂၂၀၄	၃၈	(၁၀)တန်း	အဖွဲ့ဝင်	
၅။	ဒေါ်ခင်မိုးအေး	ဦးသောင်းတင်	လျှောက်ထားဆဲ	၃၈	(၂) တန်း	အဖွဲ့ဝင်	
၆။	ဦးစိုးပိုင်	ဦးမြသောင်း	၉/ပမန(နိုင်)၂၅၅၈၅၇	၄၃	(၈)တန်း	ဥက္ကဋ္ဌ(ဝယ်)	
၇။	ဦးကိုနိုင်	ဦးဝင်းမောင်	၉/ပမန(နိုင်)၁၂၉၂၆၃	၃၄	(၁၀)တန်း	အတွင်းရေးမှူး(ဝယ်)	
၈။	ဒေါ်သန်းအေး	ဦးတင်မောင်	၉/ပမန(နိုင်)၀၇၃၇၇၅	၅၃	(၄)တန်း	အဖွဲ့ဝင်(ဝယ်)	
၉။	ဦးကျော်ငွေ	ဦးမြင်ရင်	၉/ပမန(နိုင်)၂၀၅၆၇၄	၅၇	(၄)တန်း	အတွင်းရေးမှူး	
၁၀။	ဦးဆန်းလတ်	ဦးမြသောင်း	၅/ရဥန(နိုင်)၀၆၆၉၈၂	၃၉	GTI	သင်တန်းသား	
၁၁။	ဦးဇော်ဇင်ဝင်း	ဦးလှပန်	၉/ပမန(နိုင်)၂၄၂၀၂၉	၃၂	(၁၀)တန်း	သင်တန်းသား	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(ဃ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၁၂	၂၄
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၈	၃၈	၇၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၇၄	၅၅	၁၂၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၃	၅၃	၁၀၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၉၄	၃၇၈	၇၇၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၃၁	၃၇	၆၈
စုစုပေါင်း		၆၀၁	၅၇၃	၁၁၇၅
စုစုပေါင်း အိမ်ထောင်စု		၃၀၂ အိမ်		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် လူဦးရေအနေဖြင့် အိမ်ထောင်စုပေါင်း(၃၀၂)စုရှိပြီး ကျား(၆၀၁)ဦး၊ မ(၅၇၃)ဦးဖြင့် လူဦးရေပေါင်း (၁၁၇၅)ဦးရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံး နေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေတွင် အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ (၇၇၂)ဦးဖြစ်ပြီး ကျေးရွာရှိလူဦးရေ၏ (၆၈%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အသက်(၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများမှာ (၆၈)ဦး၊ ကျေးရွာရှိ လူဦးရေ၏ (၅%)ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၁			မြင့် ✓ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၇၇			မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၁	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၇၇	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–		မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၃၁	၁၄၈	–	မြင့်☐ လတ် ☐ နိမ့် ✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၂၁၄			☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် လယ်ယာမြေကေ (၃၆၂)ကေရှိပြီး၊ စပါးသီးနှံကိုသာ အဓိကစိုက်ပျိုး ကြပါသည်။ အခြားသီးနှံများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစိမ်ငံု၊ ကုလားပဲနှင့် မြေပဲသီးနှံများ ကိုလည်း စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် ဆင်သေချောင်းရေကိုသာ အဓိကထား၍ အားကိုး စိုက်ပျိုး ကြကြောင်း တွေ့ရှိရ ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၈၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသော လုပ်ငန်းအမျိုးအစား (၂)မျိုးရှိပြီး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခ (၁)ရက်ဝင်ငွေမှာ ကျား (၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ(၄၀၀၀)ကျပ်ဖြစ်ပြီး၊ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ (၄၈၀၀)ကျပ်ဖြစ်ပါသည်။ တစ်နာရီဝင်ငွေမှာ အမျိုးသား လုပ်အားခမှာ ကျား(၆၂၅)ကျပ်၊ မ (၅၀၀)ကျပ်

ရရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၆၄	ကောင်း ✓	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၉၈	ကောင်း ☐	သင့် ✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့် ✓	ညံ့ ☐
စုစုပေါင်း	၃၆၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် စိုက်ပျိုးမြေ ပိုင်ဆိုင်မှု စုစုပေါင်းဧကမှ (၃၆၂) ဧကရှိပါသည်။ ၎င်းတို့အနက် လယ်မြေဧက(၁၆၄)ဧက၊ ယာမြေဧကမှာ(၁၉၈)ဧကတို့ဖြစ်သည်။ လယ်မြေ၊ ယာမြေတို့မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေနှင့် မြေလွတ်မြေရိုင်းအနည်းငယ်ရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ✓၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ	များ ☐ သင့် ✓ နည်း ☐	လွယ် ✓ ခက်☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
(နွားစာ၊ဆေးဘက်ဝင်အပင်များ)	မရှိ ☐	အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ✓ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာအနီးတွင် သဘာဝအတိုင်း တွေ့ရှိနိုင်သော အမျိုးအစားမှာ သဲဖြစ်၍ အလွယ်တကူ အသင့်အတင့် သုံးနိုင်ပါသည်။ သဘာဝနွားစာနှင့် ဆေးဘက်ဝင် အပင်များမှာ အသင့်အတင့်ရှိ၍ အလွယ်တကူ အသုံးပြုနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၁ စု	၂၈ စု	၁၀၁ စု	၁၆၂ စု
အိမ်အခြေအနေ	ပျဉ်ထောင် အုပ်တိုက်	ပျဉ်ထောင် ထရံကာ နှစ်ထပ်	ပျဉ်ထောင် ထရံကာ တစ်ထပ်	မြေစိုက် ဝါးသွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ ကိုယ်ပိုင်ကား၊	နွားလှည်း၊ ဆိုင်ကယ်	ပန်းရံ နေ့စား ဆေးသုတ်	သံချိကွေး လက်လုပ်သမား
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ	မွေးမြူရေး	ကျပန်း	ကျပန်း
အိမ်ထောင်စု	**၁၁ စု**	**၂၈ စု**	**၁၀၁ စု**	**၁၆၂ စု**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကြို့ပင်ဆိပ်ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၃.၆၄ %)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၉.၂၇%)၊ မပြေလည်သော အိမ်ထောင်စုမှာ (၃၃.၄၅%)နှင့် အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၅၃.၆၄%) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှုနည်းပြီး၊ မိသားစုစားဝတ်နေရေး အတွက် ကျပန်းလုပ်ငန်းများ လုပ်ကိုင်နေကြရပါသည်။ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်းနှင့် အရင်းအနှီး မရှိခြင်းတို့သည် အဓိက အခက်အခဲ များဖြစ်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၇၅ စု	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ____ ✓____ ချေးယူ = _____✓____ လုပ်အားခကြိုယူ = _____✓____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၈ စု	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ____ ✓____ ချေးယူ = _____✓____ လုပ်အားခကြိုယူ = _____✓____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၁ စု	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ____ ✓____ ချေးယူ = _____✓____ လုပ်အားခကြိုယူ = _____✓____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် (၃)လနှင့်အောက် ဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ ၇၅ အိမ်ထောင်စု၊ ၃လ နှင့် ၆လကြား ဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ ၂၈ အိမ်ထောင်စုနှင့် ၆လနှင့် ၁၂လအထိ ဝမ်းစာဖူလုံမှုသည့် အိမ်ထောင်စုမှာ ၁၁ အိမ်ထောင်စုရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအိမ်ထောင်စုများသည် လုပ်အားခကြိုတင်ယူခြင်း၊ ချေးယူခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၈ အိမ်ထောင်စု		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅ အိမ်ထောင်စု		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများမှ

အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၈ အိမ်ထောင်စု၊ အမျိုးသားဦးဆောင်သော အိမ်ထောင်စုမှာ ၅ အိမ်ထောင်စုရှိပါသည်။ အများစုသည် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
	သဘာဝဘေးအန္တရာယ်များ				
၁	မြစ်ရေကြီးမှု	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၂	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၃	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၅	အပူလွန်ကဲခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၆	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	မိုးသီးမုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ				
၈	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ✓	နိမ့် ☐	မရှိ ☐
၉	သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ)	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေးအဖြစ် ချောင်းရေကိုသာသုံးစွဲရပါသည်။ ရာသီကူးပြောင်းမှု များတွင် ခွာနာ၊ လျှာနာရောဂါ စသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေး ရောဂါ များ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်နိုင်မှု အန္တရာယ် နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ။ ထို့နောက် ၎င်း ပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်မည့် အန္တရာယ် အမျိုးအစားဖော်ပြ၍ နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရန် ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်ခံရနိုင်သော လူအုပ်စုများ လူငယ်၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုလက်လုပ်လက်စား ကျပန်း လုပ်ကိုင်သူများနှင့် ကားမောင်းပြီး အသက်မွေးသူများသည် မိသားစုအတွက် အဓိက လုပ်ကိုင်နေရသောကြောင့် လုပ်ငန်းခွင် တွင် ထိခိုက်နိုင်ခြင်း၊ ဆိုင်ကယ်အသုံးပြုသောသူများနှင့် ကားမောင်းသောသူများသည် မတော်တဆ ဖြစ်နိုင်ခြေများသောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐ ၂✓ ၃☐	၃		၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ✓
၂	လူမှုရေး	၁☐ ၂✓ ၃☐	၅		၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	ပရဟိတ	၁☐ ၂✓ ၃☐	၁၈	၁၃	၃၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၄	ဘာသာရေး အဖွဲ့	၁☐ ၂✓ ၃☐		၁၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၅	မီးလင်းရေး	၁☐ ၂✓ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆	မိဘဆရာ	၁☐ ၂☐ ၃✓	၅	၅	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် လူမှုရေးအခြေပြုအဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ သာရေး နာရေး လူမှုရေးဖွံ့ဖြိုးရေးကို အခြေခံသော အဖွဲ့(၁)၊ လူမှုရေးအဖွဲ့ လူမှုဖွံ့ဖြိုးရေးကို အခြေခံသော အဖွဲ့(၄)၊ လုံခြုံရေးနှင့်ကာကွယ်ရေးကို အခြေခံသောအဖွဲ့(၁)ဖွဲ့ ဟု၍ (၆)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့ အစည်းအားလုံး၏ စွမ်းဆောင်မှုသည် အသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန	၁✓ ၂☐ ၃ ☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ပညာရေးဦးစီးဌာန	၁☐ ၂☐ ၃✓ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။
(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့များနှင့် ချိတ်ဆက်မှု အနည်းငယ်သာရှိပါသည်။ ပြင်တွင်းပြည် ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆက်စပ်မှု မရှိဘဲ

အားနည်းသည်ကို လေ့လာတွေ့ရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၆၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		**၃၀၂**	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု ၂၆၃ စု၊ ဆင်းရဲသား တောင်သူ အိမ်ထောင်စု ၂၈ စု၊ ၅ ဧကမှ ၁၂.၅ ဧက အကြားပိုင်ဆိုင်သူ အလတ်စား တောင်သူ အိမ်ထောင်စု ၁၁ စု ရှိသည်ကို တွေ့ရသည်။ မြေယာမဲ့ဆင်းရဲသား တောင်သူငယ်များမှာ တောင်သူလတ်တို့၏ စိုက်ပျိုးမြေများတွင် နေ့စားအငှါးလိုက်ခြင်း၊ ကျပန်းလုပ်ငန်းများတွင် နေ့စားအငှါးလုပ်ကိုင် လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၁၆၄	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ✓ မရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ☐
၅	အဝီစိတွင်း	၆၂ တွင်း	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ☐
၆	လက်ငင် ရေတွင်း	၆၂ တွင်း	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်✓	ရှိ☐ မရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကြို့ပင်ဆိပ်ကျေးရွာတွင် ရေဆင်းဆည်မှဆည်ရေအား အဓိကထား၍

ဆည်ရေသောက် ဧက ၁၆၄ ကေရှိ၍ ရေသွင်းစိုက်ပျိုးရေးကို လုပ်ကိုင်ကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၆၄	တင်း	၈၀	၉၅	၇၀	၃ လ	၄ လ	မြင့်☐ လတ်✓ နိမ့်☐	မြင့်☐ လတ်✓ နိမ့်☐
နှမ်း	၁၉၈	တင်း	၁၀	၁၅	၈	၃ လ	၄ လ	မြင့်☐ လတ်✓ နိမ့်☐	မြင့်☐ လတ်✓ နိမ့်☐
မတ်ပဲ	၁၆၄	တင်း	၂၀	၂၅	၁၈	၃ လ	၄ လ	မြင့်☐ လတ်✓ နိမ့်☐	မြင့်☐ လတ်✓ နိမ့်☐
မြေပဲ	၁၉၈	တင်း	၇၀	၆၀	၅၅	၃ လ	၄ လ	မြင့်☐ လတ်✓ နိမ့်☐	မြင့်☐ လတ်✓ နိမ့်☐
ပြောင်း	၁၉၈	တင်း	၆၀	၈၀	၇၀			မြင့်☐ လတ်✓ နိမ့်☐	မြင့်✓ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြုံ့ပင်ဆိပ်ကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါးနှင့် နှမ်းတို့ စိုက်ပျိုးကြပါသည်။ အဓိကသီးနှံများ စိုက်ပျိုးရာတွင် အသင့်အတင့်ထွက်ရှိသော်လည်း သွင်းအားစု မြင့်မားပြီး ရောင်းချရာတွင် ဈေးကွက် မတည်ငြိမ်မှုကြောင့် အမြတ်ရရှိမှု နည်းပါးသည်။ မတ်ပဲ၊ မြေပဲနှင့် ပြောင်း သီးနှံထွက်နှုန်းများမှာ အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	
လက်တွန်းထွန်စက်	–	–	–	
အစေ့ချ ကိရိယာ	–	–	–	
ရိတ်သိမ်းခြွေလှေ့စက်	၂	–	–	
ရိတ်သိမ်းစက်	–	–	–	–
ခြွေလှေ့စက်	–	–	–	–
ရေစုပ်စက်	၆	–	–	
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြုံ့ပင်ဆိပ်ကျေးရွာတွင် ရိတ်သိမ်းခြွေလှေ့စက်(၂)လုံးနှင့် ရေစုပ်စက်(၆)လုံးရှိပြီး ကိုယ်ပိုင်များဖြစ်ကြသည်။ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုများ အသင့်အတင့် ရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ✓
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ✓
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✓
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်✓
သီးနှံစွေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ✓

ရင်းမြစ် ... (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကြုံ့ပင်ဆိပ်ကျေးရွာ၏ သဘာဝရေမြေရာသီဥတု အနေအထားမှာ အသင့်အတင့် ရှိကြောင်းတွေ့ရပါသည်။ သီးနှံမျိုးစေ့များ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားရရှိနိုင်မှုမှာလည်း ကျေးရွာတွင် အလွယ်တကူ ရရှိနိုင်ကြောင်း တွေ့ရပါသည်။ သီးနှံစွေးကွက်နှင့် ကုန်သွယ်မှုတွင် သီးနှံများကို ရောင်းချနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်✓
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✓ လယ်ယာမြေဆုံးရှုံးမှုများသည် ✓ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
	ပလပ်မြေအသင့်အတင့်ရှိသည် ✓
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐
သီးနှံစွေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ✓ သီးနှံများကိုရောင်းချရန်စွေးကွက်မရှိပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ✓ အနည်းငယ် ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကြုံပင်ဆိပ်ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးကောင်း များကို အလွယ်တကူရရှိနိုင်သော်လည်း နည်းပညာဝန်ဆောင်မှုများ အားနည်းနေကြောင်း တွေ့ရှိရပါသည်။ တစ်ခါတစ်ရံ တောင်သူများသည် မိုးရွာသွန်းမှုမညီမျှမှုနှင့် ရင်ဆိုင်ကြရသည်။ ရာသီဥတုဖောက်ပြန်မှု ကြောင့် သီးနှံများတွင် ဖျက်ပိုးများ ကျရောက်လျှင် နည်းပညာအားနည်းခြင်းကြောင့် သီးနှံအထွက်နှုန်း နည်းသည်။ သီးနှံများ ရောင်းချရာတွင် စျေးကွက်တည်ငြိမ်မှုမရှိသောကြောင့် အမြတ်ရရှိမှု နည်းပါသည်။ တောင်သူ များ အနေဖြင့် ထိရောက်သော စိုက်ပျိုးရေး နည်းစနစ်ကို လိုလားနေကြပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	အိမ်	၉၇ ကောင်
နို့စားနွား	-	-
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
လား	-	-
ဆိတ်	အိမ်	၅၁ ကောင်
သိုး	-	-
ဝက်	အိမ်	၁၁၁ ကောင်
ကြက်	အိမ်	၅၅၄ ကောင်
ဘဲ	-	၅၀ ကောင်
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

